Burmese

BreastScreen SA

*Caring for women from ocean to outback*

# အခမဲ့ ရင်သားကင်ဆာ စစ်ဆေးမှု အကြောင်း သင် သိပါသလား။

ရင်သားကင်ဆာသည် အမျိုးသမီးများတွင် ရောဂါဖော်ထုတ်ခံရသော အဖြစ်အများဆုံး ကင်ဆာရောဂါ ဖြစ်သည်။

အကယ်၍ သင်သည် အသက် 40 နှစ်နှင့် အထက်အရွယ်ရှိသော အမျိုးသမီးတစ်ဦးဖြစ်လျှင် BreastScreen SA တွင် နှစ်နှစ်တိုင်း အခမဲ့ ရင်သားစစ်ဆေးမှု mammogram (ရင်သားဓါတ်မှန်) ကိုရိုက်ရန် ရထိုက်ခွင့်ရှိပါသည်။

ရင်သားစစ်ဆေးခြင်းသည် လက်ရှိ၌ ရောဂါလက္ခဏာများ စတင်မပေါ်ပေါက်မီ ရင်သားကင်ဆာကို စောစီးစွာ တွေ့ရှိရန် ဆေးဖက်ဆိုင်ရာအရ အတည်ပြုထားသော တစ်ခုတည်းနည်းဖြစ်ပါသည်။

ရင်သားကင်ဆာ  အသက်ရှင်လွတ်မြောက်နှုန်းများသည် နှစ်စဉ် တိုးတက်လာသည် သို့သော် ရိုးရိုးနှင့် ပိုမိုအောင်မြင် သော ကုသမှုအတွက် ရင်သားကင်ဆာကို စောစီးစွာ ရှာတွေ့ခြင်း သည်အလွန်အရေးကြီးပါသည်။

ကောင်းမွန်သောကျန်းမာရေးသည် သင်၏ ပထမဦးစားပေး ဖြစ်သင့်ပါသည်။

ကျွန်ုပ်တို့၏ ဆေးခန်းများမှ တစ်ခုတွင် ရက်ချိန်းသည် အချိန် 10 မိနစ်သာလျှင် ကြာပါသည်၊ ကျွန်ုပ်တို့၏အမျိုးသမီး ဝန်ထမ်းများနှင့် အထူးဓါတ်မှန်ပညာရှင်များသည် သင့်စစ်ဆေးမှုကို ဖြစ်နိုင်သမျှ သက်သောင့်သက်သာ ဖြစ်အောင် ဆောင်ရွက်ပေးပါလိမ့်မည်။

ရက်ချိန်းတစ်ခုကို ပြုလုပ်ရန် သို့မဟုတ် ပိုမိုသော အချက်အလက်ကို ရှာဖွေရန် ကျွန်ုပ်တို့အား ဖုန်း 13 20 50 ဖြင့်ဆက်ပါ။ အကယ်၍ တောင်းဆိုလျှင် အခမဲ့ စကားပြန် ဝန်ဆောင်မှုများကို ရရှိနိုင်ပါသည်။

Government of South Australia

SA Health

# အကြောင်းချင်းရာများနှင့် အရေးကြီးသည့် အချက်အလက်များ

> ရင်သားကင်ဆာသည် အမျိုးသမီးများတွင် ရောဂါဖော်ထုတ်ခံရသော အဖြစ်အများဆုံး ကင်ဆာရောဂါ ဖြစ်သည်။ South Australian အမျိုးသမီး 10 ယောက်လျှင် 1 ယောက်တွင် အသက် 75 နှစ်မပြည့်မီ ရင်သားကင်ဆာ ဖြစ်လာလိမ့်မည်။

> ရင်သားကင်ဆာ ဖြစ်လာမည့် အန္တရာယ်အလားအလာသည် အသက်ကြီးလာသည့်အလျောက် ပိုများလာသည်။ ရင်သားကင်ဆာ၏ 75% သည် အသက် 50 ကျော်သော အမျိုးသမီးများတွင် ရောဂါဖော်ထုတ်ခံရသည်။

> ရင်သားကင်ဆာ ရောဂါဖော်ထုတ်ခံရသူအမျိုးသမီး 10 ယောက်လျှင် 9 ယောက်တွင် မိသားစုရောဂါရာဇဝင်မရှိကြပါ။

> ရင်သားစစ်ဆေးခြင်း (ရင်သားဓါတ်မှန်) သည် လက်ရှိ၌ အမျိုးသမီးက ရောဂါလက္ခဏာတစ်ခုခုကို သတိမပြုလာမီ ရင်သားကင်ဆာကိုစောစီးစွာ တွေ့ရှိရန် အတည်ပြုထားသော တစ်ခုတည်းနည်းဖြစ်ပါသည်။

> BreastScreen SA ဆေးခန်းတွင် ရက်ချိန်းတစ်ခု လုပ်ရန် သင့်ဆရာဝန်ထံမှ ရည်ညွှန်းလွှဲစာ သင် မလိုအပ်ပါ။

> BreastScreen SA တွင် ဆေးခန်း 7 ခန်းရှိပြီး နှစ် နှစ်တိုင်း ကျေးလက်ဒေသများသို့ သွားရောက်သော ရွှေ့ရှားစစ်ဆေးပေးရေး အဖွဲ့ 3 ဖွဲ့ရှိပါသည်။

> သင် ပုံမှန် mammogram လုပ်သည့်တိုင်အောင် "ရင်သား အသိရှိရေး" ဖြစ်ရန် အရေးကြီးပါသည်။ သင့် ရင်သား၏ ပုံမှန် "အနေအထား" နှင့် "ကိုင်တွယ်စမ်းခြင်း" ကိုသတိပြုမိရန် အချိန် အချို့ယူပါ၊ အချိန်မရွေး ပြောင်းလဲမှုတစ်ခုခု ဖြစ်လာနိုင်သည်ကို ဖော်ထုတ်ရန် ၎င်းသည် သင့်အား ပံ့ပိုးပါလိမ့်မည်။

> အရေးကြီးအချက် အကြိတ်အဖုတစ်ခုခု သို့မဟုတ် ဖောင်းကြွမှု၊ သင့်ရင်သား၏ အရွယ်အစား ပြောင်းလဲမှု သို့မဟုတ် ပုံသဏ္ဍာန်ပြောင်းလဲမှု၊ နို့သီးခေါင်းမှ အရည်ထွက်ကျမှု၊ နာကျင်မှု သို့မဟုတ် အရေပြား ပြောင်းလဲမှုများ ကဲ့သို့သော မည်သည့်ပြောင်းလဲမှုများကိုမဆို သင် သတိပြုမိလျှင် နောက်နေးကြန့်ကြာမှုမရှိစေဘဲ သင့် ဆရာဝန်နှင့် ဤလက္ခဏာများကို ဆွေးနွေးရန်အတွက် ရက်ချိန်းတစ်ခုကို လုပ်ပါ။

> ကောင်းသောသတင်း မှာ ရင်သားကင်ဆာ အသက်ရှင်လွတ်မြောက်နှုန်းများသည် နှစ်စဉ် ဆက်လက် တိုးတက်လျက် ရှိပါသည်။ လတ်တလော စာရင်းကိန်းဂဏန်းများကပြဆိုသည်မှာ ရင်သားကင်ဆာဖြင့် ရောဂါဖော်ထုတ်ခံရသူ အမျိုးသမီးများတွင် သူမ၏ ကင်ဆင် အစဦးအဆင့်၌ စစ်ဆေးတွေ့ရှိလျှင် အသက်ရှင်လွတ်မြောက်မှု 89 % အခွင့်အလမ်း ရှိသည်။

> ကျွန်ုပ်တို့၏ ဆေးခန်းများမှ တစ်ခုတွင် သင့်ရက်ချိန်းကို ယခုပင် လုပ်ပါ။ ကျွန်ုပ်တို့၏ ဝန်ဆောင်မှုသည် အခမဲ့ ဖြစ်ပြီး အကယ်၍ တောင်းဆိုလျှင် အခမဲ့ စကားပြန် ဝန်ဆောင်မှုများကို ရရှိနိုင်ပါသည်။

> ဖုန်း 13 20 50 ကိုဆက်ပါ။